**K A C H I N W O M E N ' S A S S O C I A T I O N T H A I L A N D**

P.O.BOX 415, CHIANG MAI 50000, THAILAND

နေ့စွဲ။ ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်

သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတွင် စစ်တပ်အချင်းချင်း စစ်ပွဲများ ဖြစ်ပွားနေခြင်းကို ချက်ခြင်းရပ်ဆိုင်းရန် လိုအပ်ကြောင်း ကချင်ပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပေါ်နေသည့် မြန်မာအစိုးရ စစ်တပ်၏ ကျူးလွန်နေသော စစ်ရာဇဝတ်မှုများက မီးမောင်းထိုးပြနေသည်။

၂၀၁၇ခုနှစ် ဩဂုတ်လ ၁၁၊ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ အင်အား ၁၀၀ ကျော်သည် ကချင်ပြည်နယ်၊ မိုကောင်းမြို့နယ်ရှိ ကဆုန့်ရွာသို့ ဝင်ရောက်ပြီး ရွာသူ၊ ရွာသားများအား လက်လွတ်စပယ် ပစ်ခတ်ခဲ့သည်။ ရွာသားတစ်ဦး သေဆုံးခဲ့သည့်အပြင်အနည်းဆုံး ရွာသား ၂ ဦး အပြင်းအ ထန် ဒဏ်ရာရရှိသွားပြီး စစ်ပြေးဒုက္ခသည် ၁၀၀၀ ကျော်မှာ  နမ္မတီနှင့် လမ်ဘရောယမ် ရွာများတွင် ယာယီခိုလှုံ ရန် ဖိအားပေး ခြင်းခံခဲ့ရသည်။

ယခုတိုက်ခိုက်မှုမှာနမ္မတီမြောက်ဖက်ရှိ တောင်ကုန်းများတွင် တပ်စွဲထားသည့် ကချင်တပ်များအား တိုက်ထုတ်ရန်အတွက် ဩဂုတ်လ အစောပိုင်းမှစပြီး စတင်ခဲ့သည့် မြန်မာ့တပ်မတော် ထိုးစစ်၏ တစိတ်တပိုင်းဖြစ်သည်။ ခလရ ၂၉၊ ခမရ ၃၈၁ နှင့် ၃၈၄ မှ အင်အား ၆၀၀ ခန့် အဆိုပါဒေသတွင် တပ်စွဲထားသည်။

စစ်ပြေးဒုက္ခသည်များက ကြောက်မက်ဖွယ်အခြေအနေကို ပြောပြရာတွင် စစ်သားများ ထိုးစစ်ဆင်တိုက်ခိုက်လာခြင်းမှ လွတ်မြောက်စေရန်အတွက် တောအတွင်းသို့ ထွက်ပြေးကြရသည့် အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများသည် မြစ်ကြီးနားရှိ ကချင်နှစ်ခြင်းခရစ်ယန်အဖွဲ့ချုပ် (KBC) နှင့် ငြိမ်းချမ်းရေးဖန်တီးရေးအဖွဲ့ (PCG) တို့မှ ဩဂုတ်လ ၁၃ ရက်နေ့တွင် ၎င်းတို့အား ကယ်ဆယ်နိုင်ချိန်အထိ မိုင်နဲ့ချီဝေးသည့် နမ္မတီသို့ ခြေလျင်ခရီးကြမ်းဖြင့် (သို့မဟုတ်) အနီးအနားတွင် ပုန်းခိုနေထိုင်ကြရသည်။

အမျိုးသမီးနှစ်ဦးနှင့် ကလေး ၃ဦး အပါအဝင် ရွာသား ၁၁ ဦးမှာ အတင်းအကြပ်ဖမ်းဆီးခံရပြီး မြန်မာစစ်တပ်အတွက် ၃ ရက်ကြာ လမ်းပြလုပ်ဆောင်ပေးရင်း၊ ဒါဏ်ရာရ စစ်သားများကိုလည်း သယ်ဆောင်ပေးခဲ့ရသည်။ ဖမ်းဆီးခံရသည့် ရွာသားများထဲမှ ရွာသား ၂ဦးမှာ ပြင်းထန်သော ညှင်းပန်းနှိပ်ဆက်ခြင်းကိုလည်း ခံခဲ့ရသည်။

၂၀၁၇ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကားမိုင်း တာဝန်ရှိသူများသည် နမ်တီး စစ်ဘေးရှောင်စခန်းသို့ အကူအညီ ပေးရန် ဖားကန့်မှ ရောက်လာကြသော လူမှု့ကူညီရေးအဖွဲ့များကို ခရီးဆက်သွားခွင့် ပိတ်ပင်ခဲ့သည်။

ထိုသို ့ကူညီရန်လာကြသော အဖွဲ့ထဲမှ ယာဉ်မောင်း၂ဦး အဖမ်းခံခဲ့ရပြီး စေတနာ့ဝန်ထမ်း အမျိုးသမီးတစ်ဦးမှာ ရဲများ၏ ရိုက်နှက်ခြင်း ကြောင့် ဆေးရုံသို ပို့ဆောင်ခဲ့ရသည်။

ယခုလို စစ်ရာဇဝတ်မှုမြောက်သည့် စစ်ဘေးရှောင်ပြည်သူများကို ကူညီမည့်အဖွဲ့များအား တားဆီးခြင်းနှင့်၊ ပြည်သူများအပေါ် အကြမ်းဖက် နှိပ်ဆက်ခြင်းများအပေါ် KWATအနေနှင့် အထူးပင် ဝမ်းနည်းမိပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာစစ်တပ်အနေဖြင့် တိုင်းရင်းသားဒေသများသို့ ထိုးစစ်ဆင်နေမှု၊ လူ့အခွင့်အရေး ချိုးဖောက်နေမှုများ ရပ်ဆိုင်းရန် နှင့် ၎င်းတို့တပ်များ ဆုတ်ခွာသွားရေးအတွက် ဖိအားပေးရန် KWAT မှ ထပ်လောင်းတောင်းဆိုပါသည်။ အတိအကျအနေဖြင့် မြန်မာနိုင်ငံနှင့် စစ်တပ်အချင်းချင်း ဆက်ဆံရေးကို ရပ်ဆိုင်းရန်နှင့် မြန်မာစစ်တပ်ခေါင်း ဆောင်များအပေါ် ဗီဇာတားမြစ်ပိတ်ပင်ရန် KWAT မှ တောင်းဆိုသည်။

"ယခုလို အရပ်သားများအပေါ် နောက်ဆုံးတိုက်ခိုက်မှုသည် အမြင့်ဆုံးတာဝန်ရှိသူမှ လုပ်ပိုင်ခွင့်ပေးထားသည့် စနစ်တကျ စစ်ဆင်ရေး၏ တစိတ်တပိုင်းဖြစ်သည်"ဟု KWAT မှ ပြောရေးဆိုခွင့်ရှိသူ ရှယ်လီဆိုင်းမှ ပြောသည်။ "နိုင်ငံတကာမှစစ်တပ်များနှင့် မြန်မာ့စစ်တပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာခြင်းမှာ လက်ရှိအစိုးရ စစ်တပ်ကို စစ်ရာဇဝတ်မှုများကို ပိုမိုပြုလုပ်လာနိုင်စေရန် အခွင့်အရေးများ ဖြစ်လာစေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်အား အရေးပါသည့် စစ်ခေါင်း ဆောင်တဦးအဖြစ်မဟုတ်ဘဲ စစ်ရာဇဝတ်မှုကျူးလွန်သူအဖြစ် ဆက်ဆံရမည်"ဟု ဆက်ပြောသည်။

ဆက်သွယ်ရန်

မွန်းနေလီ (ထိုင်းနိုင်ငံ) +၆၆၈၅၅၂၃၇၉ ၁

ဆန်ထွယ် (ထိုင်းနိုင်ငံ) +၆၆ ၉ ၃၉ ၆၂၁ ၉ ဝ၈